မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၄ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာမြင့်ဟန်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာဒေါ်နွဲ့နွဲ့ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးစီမံကိန်းဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာကျော်ဇင်သန့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်ရီရီမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (င) | ပါမောက္ခဒေါက်တာဇော်ဝေစိုး<br>ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၂) ရန်ကုန်<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ကျန်းမာရေးဝန်ကြီးဌာန |
| (စ) | ဦးမင်းထိန်<br>ညွှန်ကြားရေးမှူးချုပ်<br>မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဆ) | ဦးဆန်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| (ဇ) | ဦးကျော်စွာစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဈ) | ဦးဝင်းခိုင်မိုး<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ည) | ဦးဝင်းမော်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာရဲတင့်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးမြသန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဦးခန့်ဇော်<br>ဒုတိယအင်ဂျင်နီယာချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ<br>ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ဃ) | ဒေါက်တာဒေါ်ကေသီလွင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (သန်လျင်)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (သန်လျင်)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်သီဂီ<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (စ) | ဒေါက်တာကြည်စိုး<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မှော်ဘီ)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မှော်ဘီ)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာမောင်မောင်လတ်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ငူ)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ငူ)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာညွန့်စိုး<br>ဒုတိယပါမောက္ခချုပ်<br>ပြည်နည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်နည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာကြည်သွင်<br>ဒုတိယပါမောက္ခချုပ်<br>မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာ<br>တက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာ<br>တက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ည) | ဒေါက်တာဒေါ်စန်းစန်းရီ<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ကြီး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (တောင်ကြီး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာဆင့်စိုး<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မန္တလေး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မန္တလေး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာမြင့်သိန်း<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဍ) | ဒေါက်တာဒေါ်ဝင်းအေး<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မန္တလေး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မန္တလေး)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (ပ) | ဒေါက်တာဒေါ်စောစန္ဒာအေး<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ပြည်)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ပြည်)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဖ) | ဒေါက်တာဒေါ်မိုးပွင့်<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

### ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် အမိန့်ထုတ်ပြန်သည့် ရက်ပေါင်း ၉၀ ပြည့်မည်ဖြစ်သော်လည်း ၎င်းဒေသ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသဖြင့် အဆိုပါအမိန့်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်အတည် ဖြစ်စေရေးအတွက် ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်းကြေညာလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

### စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (၃/၂၀၁၅) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက် တည်ရှိကြောင်း ကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်း

သာသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အားဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။ )

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဥပဒေဘာသာပြန်ကော်မရှင်ကို ဆိုသည်။

(ဂ) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဥပဒေဘာသာပြန်လုပ်ငန်းကော်မတီကို ဆိုသည်။

(ဃ) **ဘာသာပြန်လုပ်ငန်း**ဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းကို ဆိုသည်။

(င) **ဝေါဟာရ**ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော စကားရပ် သို့မဟုတ် စကားစုတစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊

(ခ) အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများပြန်ဆိုထားရှိရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ်၊ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသူနှစ်ဦး၊ | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူနှစ်ဦး၊ | အဖွဲ့ဝင် |
| (ဃ) | တရားလွှတ်တော်ရှေ့နေလုပ်သက် တစ်ဆယ်နှစ်နှင့်အထက်ရှိသူသုံးဦး၊ | အဖွဲ့ဝင် |
| (င) | တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး၊ | အဖွဲ့ဝင် |
| (စ) | တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး၊ | အဖွဲ့ဝင် |
| (ဆ) | မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခနှစ်ဦး၊ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး။ | တွဲဖက်အတွင်းရေးမှူး |

၅။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၄ အရ ကော်မရှင်ဖွဲ့စည်းနိုင်ရေးအတွက် အမည်စာရင်းကို ပြုစုတင်ပြရမည်။

၆။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကော်မရှင်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်၏သက်တမ်းကိုသတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းသက်တမ်းကို တိုးမြှင့်သတ်မှတ်နိုင်သည်။

## အခန်း (၄)
## ကော်မရှင်၏လုပ်ငန်းတာဝန်များ

၉။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းနှင့် အတည်ပြုခြင်း၊

(ခ) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအနက် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေတို့အရ ဖွဲ့စည်းသော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီက ဘာသာပြန်ဆိုထားသည့်မြန်မာဘာသာပြန်ဆိုချက်များကို စိစစ်အတည်ပြုခြင်း၊

(ဂ) ဘာသာပြန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊

(ဃ) ဘာသာပြန်လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်း ကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းခြင်း၊

(င) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို လိုအပ်ပါကဖိတ်ကြားဆွေးနွေးခြင်း၊

(စ) ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူ ဆောင်ရွက်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ပေးအပ်ခြင်း၊

(ဆ) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေတွင် ပြင်ဆင်ချက်များရှိလျှင် ယင်းပြင်ဆင်ချက်များပြည့်စုံစွာ ပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကို ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဇ) မြန်မာဘာသာပြန်ဆိုထားသော ဥပဒေများ၏ ဘာသာပြန်စာမူများကို မှတ်တမ်းအဖြစ် ထိန်းသိမ်း ခြင်းနှင့် တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရန် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ဈ) လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

၁၀။ ကော်မရှင်သည် ဘာသာပြန်လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ကော်မရှင် အဖွဲ့ဝင်ငါးဦးနှင့် ကော်မရှင်အတွင်းရေးမှူးတို့ပါဝင်သော ဥပဒေဘာသာပြန်လုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး ဦးဆောင်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သော လုပ်ငန်းအဖွဲ့ငယ်များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၁။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍ အမျိုးအစားအလိုက်ခွဲခြား၍ မြန်မာဘာသာပြန်ဆိုရန် လုပ်ငန်းအဖွဲ့ငယ်များအားတာဝန်ပေးအပ်ခြင်း၊

(ခ) လုပ်ငန်းအဖွဲ့ငယ်များက မြန်မာဘာသာပြန်ဆိုတင်ပြသည့် ဥပဒေများကို စိစစ်၍ ကော်မရှင်သို့ တင်ပြခြင်း၊

(ဂ) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းရန်လိုအပ်ကြောင်း လုပ်ငန်းအဖွဲ့ငယ်များက တင်ပြ လာလျှင် ကော်မရှင်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ကော်မရှင်သို့ တင်ပြခြင်း၊

(င) ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဥပဒေဘာသာပြန် အမိန့်ထုတ်ပြန်ခြင်း

၁၂။ ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု အမိန့်ဖြင့်ထုတ်ပြန်ကြေညာရမည်။

၁၃။ ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆလျှင် ထူးခြားသောဥပဒေဆိုင်ရာ အင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာဘာသာဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်။

၁၄။ အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ကော်မရှင်ကလည်းကောင်း၊ မြန်မာဘာသာပြန် ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန် ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီကလည်းကောင်း ပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက်များသည် နိုင်ငံတော်မူပိုင်ဖြစ်သည်။

## အခန်း (၆)

## အထွေထွေ

၁၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် -

(က) ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်လုပ်ငန်းအဖွဲ့ငယ်များ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးအဖွဲ့ဖွဲ့စည်းရေးနှင့် ဝန်ထမ်းများခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ အဖွဲ့ဝင်များအတွက် သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(ဃ) ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူခြင်းအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(င) ဥပဒေဘာသာပြန်ခြင်းဆိုင်ရာ အခြားကုန်ကျစရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဤဥပဒေအရ ကျခံသုံးစွဲရမည့်စရိတ်များအတွက် ရန်ပုံငွေရရှိရန် နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ငွေစာရင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တောင်းခံရမည်။

၁၇။ ဤဥပဒေအရ ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်းသည် မိမိ၏ မူလတာဝန်မှအပဖြစ်သော လုပ်ငန်းတာဝန်ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ချီးမြှင့်ငွေခံစားခွင့်ရှိသည်။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဤဥပဒေအရ ဆောင်ရွက်သောဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့က ဖိတ်ကြားခြင်း၊ တာဝန်ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ထမ်းဆောင်ရန် တာဝန်ရှိသည်။

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ အဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်းကောင်း၊ ကော်မရှင်ကလည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံဆေးကောင်စီဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။ )**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆေးပညာ**ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့**ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကိုဆိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(င) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဆ) **မှတ်ပုံတင်ဆရာဝန်**ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာကောင်စီကဤဥပဒေအရထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်နှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်လိုင်စင်တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ -

(၁) ကောင်စီကအသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသောအလုပ်သင်ကာလပြီးဆုံးသည့် နိုင်ငံသားမှတ်ပုံတင်ဆရာဝန်အား သတ်မှတ်ချက်များနှင့်အညီ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(၂) ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံဆေးတက္ကသိုလ်တစ်ခုခုမှဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုမှဖြစ်စေ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသောအလုပ်သင်ကာလပြီးဆုံးသည့် နိုင်ငံသားဆရာဝန်အား ဆေးကုသခွင့်လိုင်စင်စာမေးပွဲ အောင်မြင်ပြီးနောက် ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီကအသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှအပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အထွေထွေ အထူးဆေးကုသမှုကိုဖြစ်စေ၊ အထူးပြုအထူးကုဆေးကုသမှုကိုဖြစ်စေ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အား ကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီ၏အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

(ဍ) **ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်**ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ တစ်ခုခုရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကဖြစ်စေ၊ ကောင်စီကဖြစ်စေ သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု အသိအမှတ်ပြုထားသောပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သည်ဟု ကောင်စီက သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီ ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက်ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊

(စ) ဆရာဝန် ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊

(ဆ) ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင်နှစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ (က) နာယကအဖွဲ့သည် ကောင်စီကို ၆၅ ဦးထက်မပိုသော အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(၂) ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊

(၃) ညွှန်ကြားရေးမှူးချုပ်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊

(၄) ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊

(၅) ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

(၆) အဆင့်မြင့်အရာရှိကြီးတစ်ဦး၊ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊

(၇) တစ်ဆယ်ဦးထက်မပိုသော ဆေးတက္ကသိုလ်ပါမောက္ခချုပ်များ၊

(၈) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး၊

(၉) မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး၊

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊

(၁၁) ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာဆေးပညာဌာန ဝါရင့်ပါမောက္ခဌာနမှူးတစ်ဦး၊

(၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကို ရရှိသော အငြိမ်းစားဆရာဝန်ကြီးခုနစ်ဦး၊

(၁၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်ဆရာဝန်များက ရွေးချယ်တင်မြှောက်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် မှတ်ပုံတင်ဆရာဝန်တစ်ဦးစီ၊

(၁၄) အများပြည်သူက ယုံကြည်လေးစားသော ဆရာဝန်မဟုတ်သည့် ပုဂ္ဂိုလ်နှစ်ဦး။

(ခ) နာယကအဖွဲ့သည် လိုအပ်ပါက ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နာယကအဖွဲ့သည် ကောင်စီဝင်များအနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို ရွေးချယ်ထားပြီးသော ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင် (၁၀) ဦး | အဖွဲ့ဝင်များ |
| (၄) | ကောင်စီအတွင်းရေးမှူး | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |
| (၆) | ကောင်စီဘဏ္ဍာရေးမှူး | ဘဏ္ဍာရေးမှူး |

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ အဖွဲ့ဝင်များထဲမှ ခုနစ်ဦးကို ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်သုံးဦးကို ကောင်စီဥက္ကဋ္ဌက တိုက်ရိုက်ရွေးချယ်ရမည်။

၉။ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူ ဖြစ်ခြင်း၊

(ခ) ကောင်စီ၏လုပ်ငန်းများတွင်စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ခြင်း။

၁၀။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍လေးနှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာအလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသောဆေးပညာဘွဲ့များကို အခါအားလျော်စွာထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သောစံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ ဆေးပညာ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ကြေညာခြင်း၊

(ည) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကိုလိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဋ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ သုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကောင်စီ၏ အစည်းအဝေးများတွင် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဝါရင့်ပါမောက္ခများကို လိုအပ်ပါက ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

၁၃။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါ ကော်မတီများကို ကောင်စီဝင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၂) ဆေးပညာဘွဲ့လက်မှတ်စိစစ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၄) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားရေးအတွက် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၅) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊

(၆) ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင် အသိအမှတ်ပြုရေး ကော်မတီ၊

(၇) ဆေးပညာ စဉ်ဆက်မပြတ် သင်ကြားရေးကော်မတီ၊

(၈) ဘဏ္ဍာရေးကော်မတီ၊

(၉) ဥပဒေရေးရာကော်မတီ၊

(၁၀) အခြားလိုအပ်သောကော်မတီများ၊

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့် ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့်ကောင်စီအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့်ကောက်ခံခြင်း။

၁၄။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်သည်။

## အခန်း (၅)
## ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီက သတ်မှတ်သည့် လစာစရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ရရှိခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

## အခန်း (၆)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၆။ အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီကပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

## အခန်း (၇)
## အစည်းအဝေးကျင်းပခြင်း

၁၇။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံးပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

၁၈။ ကောင်စီအစည်းအဝေး ကျင်းပရာတွင် ကောင်စီဝင်ဦးရေ၏ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၁၉။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

## အခန်း (၈)

## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၂၀။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့်ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သောဝန်ထမ်းများကိုခန့်အပ်တာဝန်ပေးရမည်-

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး၊

(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူးတစ်ဦးစီ၊

(ဂ) အရည်အသွေးထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် ဆရာဝန်ဖြစ်သောလက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။

၂၁။ ကောင်စီသည် ပုဒ်မ ၂၀ ပါ ရုံးအဖွဲ့နှင့်ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၉)

## ဘဏ္ဍာရေး

၂၂။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့်ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၃။ ကောင်စီသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့်ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၂၄။ ကောင်စီသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် အလှူရှင်များက လှူဒါန်းသောပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၅။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၂၆။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၇။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည် ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၀)

## ဆရာဝန်မှတ်ပုံတင်ခြင်း

၂၈။ ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါ သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် အခြေခံ ဆေးပညာဘွဲ့ ရရှိသူ၊

(ခ) ကောင်စီကအသိအမှတ်ပြုသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုက ဖြစ်စေ အပ်နှင်းသည့် အခြေခံဆေးပညာဘွဲ့ရရှိသူ၊

(ဂ) ကောင်စီကအသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ အခြေခံဆေးပညာဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို အောင်မြင်ပြီးသူ။

၂၉။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၈ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၀။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးသုံးစွဲကြောင်းပေါ်ပေါက်ခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(ဂ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၁၁)
## ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုခြင်း

၃၁။ ပြည်တွင်း ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်ဆေးပညာဘွဲ့ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## ဆေးကုသခွင့်လိုင်စင်

၃၃။ (က) နိုင်ငံသားမှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားသည့်လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်း စစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီလျှင် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။ အရည်အချင်းမပြည့်မီပါက လိုင်စင်ကိုထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၅။ အခြေခံဆေးပညာဘွဲ့နှင့်အလားတူဆေးပညာဘွဲ့ရ နိုင်ငံခြားသားဆရာဝန်သည် ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်

ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိထားသည့် မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရလျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့်အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ နိုင်ငံခြားသားအထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင်ဆေးကုသသည့်လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီကောင်စီသို့လျှောက်ထားရမည်။

၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကိုကန့်သတ်လျက် ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၁။ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့တစ်ခုခုရရှိပြီး သက်ဆိုင်ရာပညာရပ်အလိုက် ကုသမှုဆောင်ရွက်လိုသူသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးရန်၊ အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာနယ်ပယ်သတ်မှတ်၍ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်းမပြည့်မီပါက လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ရမည်။

၄၃။ ဆေးကုသခွင့်လိုင်စင် ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၅။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဂ) ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(ဃ) ဆရာဝန်တစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊

(င) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်သောကာလအတွင်း လုံလောက်သောအကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်း။

## အခန်း (၁၃)

## မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ

၄၆။ မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၇။ (က) မှတ်ပုံတင်ဆရာဝန်သည် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် မှတ်ပုံတင်ဆရာဝန်သည် ကောင်စီကသတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၄၈။ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်သည် -

(က) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင် အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့် ရှိသည်။

(ခ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၁၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၉။ ကောင်စီသည် မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ဆရာဝန် သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရသူတစ်ဦးဦးအား စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်လျှင် ကောင်စီဝင်တစ်ဦးဦးနှင့် သက်ဆိုင်ရာပညာရှင် အနည်းဆုံး နှစ်ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၀။ ပုဒ်မ ၄၉ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်၊ အကြံပြုချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ ကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါအရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဆေးကုသခွင့် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) မှတ်ပုံတင် ပယ်ဖျက်ခြင်း။

## အခန်း (၁၅)
## အယူခံခြင်း

၅၂။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၉၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ သို့မဟုတ် ပုဒ်မ ၅၁ အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၃။ ပုဒ်မ ၅၂ အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၆)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။

၅၅။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှ အပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

၅၆။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ -

(က) ကောင်စီက ထုတ်ပေးသည့် လိုင်စင်ပါ ခွင့်ပြုသည့်ဆေးကုသခြင်း အမျိုးအစားမှအပ အခြား ဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

( ခ ) ကောင်စီကထုတ်ပေးသည့် လိုင်စင်ပါကန့်သတ်ချက်များကိုကျူးလွန်ဖောက်ဖျက်ဆောင်ရွက်ခြင်းမပြုရ။

၅၇။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်းမပြုရ။

၅၈။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအောက်မလျော့သောငွေဒဏ် ချမှတ်ရမည်။

၆၀။ ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၁။ ဆေးကုသခွင့် လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၆၂။ ဆေးကုသခွင့်လိုင်စင်ရသူ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်နှင့်ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၆၃။ ဆေးကုသခွင့်လိုင်စင်ရသူတစ်ဦးဦးသည် လူနာအကျိုးအတွက် ၎င်း၏ သဘောတူညီချက်ဖြင့် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ ဆရာဝန်ကျင့်ဝတ်နှင့်အညီ ဆောင်ရွက် ခဲ့လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၄။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုခံရသူသည် မှတ်ပုံတင် ဆရာဝန်ဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသည် ကောင်စီသို့ အသိပေးအကြောင်းကြားရမည်။

၆၅။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/၂၀၀၀) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၆။ ကောင်စီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၁/၂၀၀၀) အရ ဖွဲ့စည်းထားသောကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်း များကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၆၇။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁/၂၀၀၀) အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၆၈။ ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၆၉။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေးအမှတ်စဉ် (၂/၂၀၁၅) မှ သဘောတူခွင့်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အရာထမ်းရာထူး (၁၉) နေရာ၊ အမှုထမ်းရာထူး (၂၇) နေရာ၊ စုစုပေါင်းရာထူး (၄၆) နေရာဖြင့် ဖွဲ့စည်းထား ရာမှ အရာထမ်းရာထူး (၃၁) နေရာ၊ အမှုထမ်းရာထူး (၈၈) နေရာ၊ စုစုပေါင်း ၁၁၉ နေရာထပ်မံတိုးချဲ့၍ အရာထမ်းရာထူး (၅၀) နေရာ၊ အမှုထမ်းရာထူး (၁၁၅) နေရာ၊ စုစုပေါင်းရာထူး (၁၆၅) နေရာပါဝင်သည့် ဝန်ကြီးရုံးအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက် )

၁။ နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဍာန် ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုအရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုပြီးဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ဖွဲ့စည်းပုံအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅) ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ဖွဲ့စည်းပုံတွင်ပါရှိသည့် လက်ထောက်အတွင်းဝန် ရာထူးနေရာ၌ လက်ရှိ ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) ဦးမျိုးဇော်ဇော်အား လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် )

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အရာထမ်း (၁၆) ဦး၊ အမှုထမ်း (၁၉) ဦး၊ စုစုပေါင်း (၃၅) ဦးဖြင့်ဖွဲ့စည်းခဲ့သော ဝန်ကြီးရုံးဖွဲ့စည်းပုံအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အရာထမ်း (၅၀) ဦး၊ အမှုထမ်း (၁၁၅) ဦး၊ စုစုပေါင်း (၁၆၅) ဦးဖြင့် အောက်ဖော်ပြပါ အတိုင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးဖွဲ့စည်းပုံအား ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **ပေါင်း** |
| (က) | ဦးစီးရုံး | ၇ | ၁၄ | ၂၁ |
| (ခ) | အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | ၇ | ၁၆ | ၂၃ |
| (ဂ) | မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ၇ | ၁၄ | ၂၁ |
| (ဃ) | စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ | ၁၀ | ၂၁ | ၃၁ |
| (င) | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ | ၁၀ | ၃၀ | ၄၀ |
| (စ) | ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲ | ၉ | ၂၀ | ၂၉ |
| | **စုစုပေါင်း** | **၅၀** | **၁၁၅** | **၁၆၅** |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ အစည်း အဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန အောက်ရှိ ဝန်ကြီးရုံး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်

လေ့ကျင့်ရေးဦးစီးဌာနတို့၏ဖွဲ့စည်းပုံအား ဝန်ထမ်းအင်အား အရာထမ်း (၁၂၂၃) ဦး၊ အမှုထမ်း (၈၉၄၅)ဦး၊ စုစုပေါင်း (၁၀၁၆၈) ဦးဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း |
| (က) | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၄၀၆ | ၅၃၈၇ | ၅၇၉၃ |
| (ဂ) | ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | ၇၆၇ | ၃၄၄၃ | ၄၂၁၀ |
| | စုစုပေါင်း | ၁၂၂၃ | ၈၉၄၅ | ၁၀၁၆၈ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဦးစီးဌာန(ရုံးချုပ်)၊ စစ်အင်ဂျင်နီယာဌာနခွဲတပ်ရင်း (၅) ရင်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေး (၁၃) ရုံး၊ နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ (၂၂) ဖွဲ့၊ နယ်လှည့်ဖွံ့ဖြိုးရေးအဖွဲ့ (၆၁) ခု၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (၈၄) ရုံးတို့အား အရာထမ်းရာထူး (၃၁၉)နေရာ၊ အမှုထမ်းရာထူး (၅၄၇၄) နေရာ၊ စုစုပေါင်းရာထူး (၅၇၉၃) နေရာဖြင့် ဖွဲ့စည်းထားရာမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ယခင်ဖွဲ့စည်းပုံအားဖျက်သိမ်းပြီး ဦးစီးဌာန(ရုံးချုပ်)၊ စစ်အင်ဂျင်နီယာတပ်ရင်း (၅) ရင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတို့ဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွဲ့စည်းပုံအား မူလအင်အားမပြောင်းလဲဘဲ အရာထမ်းရာထူး (၄၀၆) နေရာ၊ အမှုထမ်းရာထူး (၅၃၈၇)နေရာ၊ စုစုပေါင်းရာထူး (၅၇၉၃) နေရာဖြင့် အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း |
| (က) | ရုံးချုပ် | ၉၂ | ၄၇၃ | ၅၆၅ |
| (ခ) | စစ်အင်ဂျင်နီယာတပ်ရင်း (၅) ရင်း | ၁၀၅ | ၃၄၂၀ | ၃၅၂၅ |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (၉) ရုံး | ၆၃ | ၁၈၉ | ၂၅၂ |
| (ဃ) | ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (၂) ရုံး | ၁၄ | ၄၂ | ၅၆ |
| (င) | ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (၂၅) ရုံး | ၇၅ | ၇၅၀ | ၈၂၅ |
| (စ) | မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (၅၇) ရုံး | ၅၇ | ၅၁၃ | ၅၇၀ |
| | စုစုပေါင်း | ၄၀၆ | ၅၃၈၇ | ၅၇၉၃ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၅)

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအား ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင်ဦးစီးဌာန (ရုံးချုပ်)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်းတို့အား အရာထမ်းရာထူး (၅၀၂) နေရာ၊ အမှုထမ်းရာထူး (၃၁၅၇) နေရာ၊ စုစုပေါင်းရာထူး (၃၆၅၉) နေရာဖြင့်ဖွဲ့စည်းထားရာမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်သို့ ထည့်သွင်း၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဖွဲ့စည်းပုံအား အောက်ပါအတိုင်း မူလအင်အားမပြောင်းလဲဘဲ အရာထမ်းရာထူး (၇၆၇) နေရာ၊ အမှုထမ်းရာထူး (၃၄၄၃) နေရာ၊ စုစုပေါင်းရာထူး (၄၂၁၀) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာန | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **ပေါင်း** |
| (က) | ရုံးချုပ် | ၇၂ | ၂၄၂ | ၃၁၄ |
| (ခ) | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) | ၁၇၄ | ၂၆၆ | ၄၄၀ |
| (ဂ) | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) | ၁၇၄ | ၂၆၆ | ၄၄၀ |
| (ဃ) | ဗဟိုလေ့ကျင့်ရေးကျောင်း | ၃၃ | ၉၃ | ၁၂၆ |
| (င) | နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၃၉) ကျောင်း | ၃၉ | ၉၇၅ | ၁၀၁၄ |
| (စ) | အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (၄၄) ကျောင်း | ၄၄ | ၉၂၄ | ၉၆၈ |
| (ဆ) | စက်မှုလက်မှုသင်တန်းကျောင်း (၈) ကျောင်း | ၈ | ၂၃၂ | ၂၄၀ |
| (ဇ) | တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးရုံး (၉) ရုံး | ၂၇ | ၈၁ | ၁၀၈ |
| (ဈ) | ခရိုင်ကြီးကြပ်ရေးရုံး (၉) ရုံး | ၉ | - | ၉ |
| (ည) | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် | ၁၈၇ | ၃၆၄ | ၅၅၁ |
| | **စုစုပေါင်း** | **၇၆၇** | **၃၄၄၃** | **၄၂၁၀** |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၅) အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ဝတ္တရားများထမ်းဆောင်နေသော ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၁၃၈/၂၀၁၅။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ဖွဲ့စည်းပုံအား အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြပါ အရာထမ်း၊ အမှုထမ်းအင်အားများဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | အမည် | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| ၂။ | နိုင်ငံရေးရာဦးစီးဌာန | ၉၅ | ၁၆၂ | ၂၅၇ |
| ၃။ | အာဆီယံရေးရာဦးစီးဌာန | ၄၁ | ၆၅ | ၁၀၆ |
| ၄။ | မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | ၁၀၄ | ၁၀၅ | ၂၀၉ |
| ၅။ | သံတမန်ရေးရာဦးစီးဌာန | ၆၀ | ၉၅ | ၁၅၅ |
| ၆။ | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန | ၈၈ | ၁၂၃ | ၂၁၁ |
| ၇။ | ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန | ၁၀၉ | ၁၅၉ | ၂၆၈ |
| ၈။ | စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန | ၈၂ | ၇၀၈ | ၇၉၀ |

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါမိန့်ကြော်ငြာစာ အမှတ် (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် (သို့မဟုတ်) ယင်းနှင့် တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အာဆီယံရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၅/၂၀၁၅) အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးအပ်လိုက်သည်။

အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် (သို့မဟုတ်) ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစာကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၃၆ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ စာတည်း လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးသန်းလွင်အား သက်ပြည့်အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၁၃-၈-၂၀၁၅ ရက် နေ့မှ ၁၂-၁၂-၂၀၁၅ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက် )

အမှတ် ၃၇ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **“ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ”** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အမှတ် ၃၈ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အဆောက်အုံများဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲရမည်။

(ခ) လိုအပ်လျှင်လိုအပ်သလို လုပ်ငန်းကော်မတီ အစည်းအဝေးများ အခါအားလျော်စွာကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်တကွ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

(ဂ) တင်သွင်းလာသည့် တင်ဒါများကို Construction Design, Builder's Quantity (BQ) နှင့် ကိုက်ညီမှု ရှိ/မရှိ အဖွဲ့ဖြင့်စိစစ်၍ လိုအပ်ချက်နှင့်ကိုက်ညီမှန်ကန်ပြီး ဈေးအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီကို ကုမ္ပဏီအားလုံး၏ ရှေ့မှောက်တွင် ကြေညာ၍ အခြားကုမ္ပဏီများမှ ၎င်း၏ အဆောက်အအုံ

အရည်အသွေး ဈေးနှုန်းအတိုင်း ပေးသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါအောင်မြင်သူကို ဈေးနှုန်းစိစစ်အစည်းအဝေးတွင် ကြေညာပေးရမည်။

(ဃ) ရွေးချယ်မှုအဆင့်ဆင့် နောက်ဆုံးရွေးချယ်သည့် ကုမ္ပဏီ၊ ဈေးနှုန်းများကို ပြန်ကြားရေးဝန်ကြီးဌာန Website တွင် ထုတ်ပြန်ပေးရမည်။

(င) အထက်ပါ ဆောက်လုပ်ရေးတင်ဒါရွေးချယ်မှုဆောင်ရွက်ချက် အဆင့်ဆင့်ကို အနီးဆုံးကျင်းပမည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်။

(စ) ရန်ပုံငွေဖြင့် ဆောက်လုပ်မည့်အဆောက်အအုံများအတွက် သတ်မှတ်ပေးထားသည့် ရန်ပုံငွေဖြင့် လောက်ငအောင် ဆောက်လုပ်ပြီးစီးရေးကြပ်မတ်ရမည်၊ သတ်မှတ်ရန်ပုံငွေထက်ကျော်လွန်သုံးစွဲခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်၊ အတည်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။

(ဆ) သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံအချောသတ်ပြီးစီးအောင် ဆောင်ရွက်ရေးကြပ်မတ်ရမည်၊ ဘဏ္ဍာရေးနှစ်ကျော်လွန်မည့်အခြေအနေမျိုးဖြစ်ပေါ်တွေ့ရှိပါက ထိုအခြေအနေကို (၃) လမတိုင်မီ ကြိုတင်၍ အနီးဆုံးတွင်ကျင်းပမည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဇ) အဆောက်အအုံများကို မူလသတ်မှတ်စံချိန်စံညွှန်းများအတိုင်း ကိုက်ညီခြင်းရှိ/မရှိ ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များပါဝင်သော အဆောက်အအုံစစ်ဆေးရေးအဖွဲ့ သီးခြားတာဝန်ပေးစစ်ဆေးစေပြီး ထိုအဖွဲ့၏သတ်မှတ်ချက်အတိုင်း ကိုက်ညီကြောင်းထောက်ခံချက်ကိုရယူထားရမည်၊

(ဈ) နိုင်ငံတော်ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများကို အထက်ဌာနသို့ တင်ပြ၍ ခွင့်ပြုချက်အတိုင်း ဆောင်ရွက်ရမည်။

အမှတ် ၃၉ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများက ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရာတွင်လည်းကောင်း၊ ပစ္စည်းများထုခွဲရောင်းချရာတွင်လည်းကောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် **"ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ"** ကို အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အမှတ် ၄၀ ။ ။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) ဝယ်ယူမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ အရေအတွက်မှန်ကန်မှုရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့်ပစ္စည်းများအတွက် ရန်ပုံငွေလျာထားချက် ရှိ/မရှိ စိစစ်ခြင်း၊

(ဂ) တင်သွင်းလာသည့်တင်ဒါများကို Technology ပိုင်း စစ်ဆေးစိစစ်သည့်အဖွဲ့နှင့် ဈေးနှုန်းကို စစ်ဆေးစိစစ်သည့်အဖွဲ့တို့ဖြင့် စစ်ဆေးစိစစ်၍ ပစ္စည်းအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီကို ကုမ္ပဏီအားလုံး၏ ရှေ့မှောက်တွင် ကြေညာ၍ အခြားကုမ္ပဏီများမှ ၎င်းပစ္စည်းအရည်အသွေး ဈေးနှုန်းအတိုင်းပေးသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါအောင်မြင်သူကို ဈေးနှုန်းစိစစ်ညှိနှိုင်း အစည်းအဝေးတွင် ကြေညာပေးခြင်း၊

(ဃ) ရွေးချယ်မှုအဆင့်ဆင့် နောက်ဆုံးရွေးချယ်သည့် ကုမ္ပဏီ၊ ပစ္စည်း၊ ဈေးနှုန်းများကို ပြန်ကြားရေးဝန်ကြီးဌာန Website တွင် ထုတ်ပြန်ပေးခြင်း၊

(င) အထက်ပါ ပစ္စည်းဝယ်ယူရေးဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးဆုံးကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူခြင်း၊

(စ) ကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ပစ္စည်းဝယ်ယူသည့်ဌာနတို့ ပစ္စည်းဝယ်ယူရေးစာချုပ် ချုပ်ဆိုပြီးသည့်အခါ ပစ္စည်းများရောက်ရှိပါက ကုန်ဝယ်စာချုပ်ပါ အချက်အလက်များ မှန်ကန်မှုရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍စိစစ်စေခြင်း၊

(ဆ) ကော်မတီသည် လိုအပ်လျှင် လိုအပ်သလို အခါအားလျော်စွာ သီးသန့်အစည်းအဝေးထိုင်ပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့တင်ပြအဆုံးအဖြတ်ခံယူခြင်း။

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက် )

အမှတ် ၄၁ ။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅)မှအတည်ပြုချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ မန်နေဂျာ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးကျော်စွာလင်းအား ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ပညာရေးသတင်းနှင့်အချက်အလက်ဌာန (Education Channel) ၌ လစ်လပ်လျက်ရှိသော လစာနှုန်းတူ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ မန်နေဂျာရာထူး၏တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့် ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့ညနေပိုင်းမှစ၍ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

အမှတ် ၁ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူခွင့်ပြုချက်အရ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကို အရာထမ်း ၁၆ နေရာ၊ အမှုထမ်း ၁၉ နေရာ၊ စုစုပေါင်း ၃၅ နေရာ **(အစား)** အရာထမ်း ၅၀ နေရာ၊ အမှုထမ်း ၁၁၅ နေရာ၊ စုစုပေါင်း ၁၆၅ နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၂ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူခွင့်ပြုချက်အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကို အရာထမ်း ၂၂၆ နေရာ၊ အမှုထမ်း ၁၄၁၂ နေရာ၊ စုစုပေါင်း ၁၆၃၈ နေရာ **(အစား)** အရာထမ်း ၂၂၆ နေရာ၊ အမှုထမ်း ၁၃၉၃ နေရာ၊ စုစုပေါင်း ၁၆၁၉ နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၃။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ဝန်ကြီးရုံး၊ ဦးစီးဌာန ၂ ဌာနနှင့် တက္ကသိုလ်တို့ကို အရာထမ်း ၇၂၀ နေရာ၊ အမှုထမ်း ၂၇၇၆ နေရာ၊ စုစုပေါင်း ၃၄၉၆ နေရာတို့ဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | အရာထမ်း | အမှုထမ်း | ပေါင်း |
|---|---|---|---|
| (က) ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) သာသနာရေးဦးစီးဌာန | ၂၂၆ | ၁၃၉၃ | ၁၆၁၉ |
| (ဂ) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ၁၅၀ | ၈၉၉ | ၁၀၄၉ |
| (ဃ) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | ၂၉၄ | ၃၆၉ | ၆၆၃ |
| **စုစုပေါင်း** | ၇၂၀ | ၂၇၇၆ | ၃၄၉၆ |

## (ဝန်ကြီးရုံး)

အမှတ် ၄။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူခွင့်ပြုချက်အရ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို အရာထမ်း ၃၂၇ နေရာ၊ အမှုထမ်း ၄၂၆ နေရာ၊ စုစုပေါင်း ၇၅၃ နေရာ **(အစား)** အရာထမ်း ၂၉၄ နေရာ၊ အမှုထမ်း ၃၆၉ နေရာ၊ စုစုပေါင်း ၆၆၃ နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၅။ ။ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦးအား ဝန်ကြီးရုံး၊ အမြဲတမ်းဒုတိယအတွင်းဝန်အဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နံနက်ပိုင်းမှစ၍ လစာနှုန်းတူ/အဆင့်တူဖြင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၆။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၃၆/၂၀၁၅) အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်အား သာသနာရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ တာဝန်ပေးခန့်အပ်လိုက်သည်။

အမှတ် ၇။ ။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်ရသည့် တာဝန်များ အပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ များ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက် ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ်ခံစားခွင့်ပြုလိုက်သည်။

ဦးစိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သမဝါယမဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အရာထမ်း (၁၆) ဦး၊ အမှုထမ်း (၁၉) ဦး၊ စုစုပေါင်း (၃၅) ဦးဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်ပြီး အရာထမ်း (၅၀) ဦး၊ အမှုထမ်း (၁၁၅) ဦး၊ စုစုပေါင်း (၁၆၅) ဦးဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာနခွဲ | ဝန်ထမ်းအင်အား<br>အရာထမ်း | <br>အမှုထမ်း | <br>ပေါင်း |
|---|---|---|---|---|
| (က) | ဦးစီးရုံးအဖွဲ့ | ၇ | ၁၂ | ၁၉ |
| (ခ) | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | ၇ | ၁၅ | ၂၂ |
| (ဂ) | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစိစစ်ရေးဌာနခွဲ | ၇ | ၁၄ | ၂၁ |
| (ဃ) | စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ | ၁၀ | ၂၂ | ၃၂ |
| (င) | ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ၁၀ | ၃၂ | ၄၂ |
| (စ) | ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ | ၉ | ၂၀ | ၂၉ |
| | **စုစုပေါင်း** | **၅၀** | **၁၁၅** | **၁၆၅** |

ကျော်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖွဲ့စည်းပုံပြင်ဆင်ရန်နှင့် ဌာန (၁၀) ခုမှ ဌာန (၇) ခုသို့ လျှော့ချ၍ အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (ကြာသပတေးနေ့) တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) မှ သဘောတူခွင့်ပြုပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအား ဝန်ကြီးရုံးနှင့် ဌာန (၁၀) ခုဖြင့် ဖွဲ့စည်းထားရာမှ ဖွဲ့စည်းပုံအင်အား**လျှော့ချလျက် ဝန်ကြီးရုံးနှင့် ဌာန (၇) ခု**အဖြစ် ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည် -

(က) **ဝန်ကြီးရုံး**၏ဖွဲ့စည်းပုံကိုလက်ရှိအင်အား အရာထမ်းရာထူး(၁၉)နေရာ၊ အမှုထမ်းရာထူး(၂၇)နေရာ၊ စုစုပေါင်းရာထူး (၄၆) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၃၁)နေရာ၊ အမှုထမ်းရာထူး

(၈၈)နေရာ၊ စုစုပေါင်းရာထူး (၁၁၉)နေရာ**တိုးချဲ့၍** အရာထမ်းရာထူး (၅၀)နေရာ၊ အမှုထမ်းရာထူး (၁၁၅) နေရာ၊ စုစုပေါင်းရာထူး (၁၆၅) နေရာဖြင့် **"ဝန်ကြီးရုံး"** အဖြစ် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ခ) **စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏**ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၅၂) နေရာ၊ အမှုထမ်းရာထူး (၁၁၁) နေရာ၊ စုစုပေါင်းရာထူး (၁၆၃) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၁၀) နေရာ၊ စုစုပေါင်းရာထူး (၁၃) နေရာကို **လျှော့ချလျက်** အရာထမ်းရာထူး (၄၉) နေရာ၊ အမှုထမ်းရာထူး (၁၀၁) နေရာ၊ စုစုပေါင်းရာထူး (၁၅၀)နေရာဖြင့် **"စီမံကိန်းဦးစီးဌာန"** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ဂ) **စိုက်ပျိုးရေးဦးစီးဌာန**နှင့် **စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**တို့၏ ဌာန (၂) ခုပေါင်း ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၁၉၀၁) နေရာ၊ အမှုထမ်းရာထူး (၂၅၃၇၁) နေရာ၊ စုစုပေါင်းရာထူး (၂၇၂၇၂) နေရာဖြင့် ဖွဲ့စည်းထားရာမှ အမှုထမ်းရာထူး (၃၂၇၂) နေရာကို **လျှော့ချလျက်** အရာထမ်းရာထူး (၁၉၀၁) နေရာ၊ အမှုထမ်းရာထူး (၂၂၀၉၉) နေရာ၊ စုစုပေါင်းရာထူး (၂၄၀၀၀) နေရာဖြင့် **"စိုက်ပျိုးရေးဦးစီးဌာန"** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ဃ) **ဆည်မြောင်းဦးစီးဌာန**နှင့် **ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**တို့၏ ဌာန (၂)ခုပေါင်းဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၁၅၆၄) နေရာ၊ အမှုထမ်းရာထူး (၂၆၃၆၃) နေရာ၊ စုစုပေါင်းရာထူး (၂၇၉၂၇) နေရာဖြင့် ဖွဲ့စည်းထားရာမှ အမှုထမ်းရာထူး (၅၄၃၆) နေရာကို **လျှော့ချလျက်** အရာထမ်းရာထူး (၁၅၆၄) နေရာ၊ အမှုထမ်းရာထူး (၂၀၉၂၇) နေရာ၊ စုစုပေါင်း ရာထူး (၂၂၄၉၁) နေရာဖြင့် **"ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန"** အဖြစ်ပြင်ဆင် ဖွဲ့စည်းလိုက်သည်။

(င) **ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**၏ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၃၉၅) နေရာ၊ အမှုထမ်းရာထူး (၁၃၉၁၈) နေရာ၊ စုစုပေါင်းရာထူး (၁၄၃၁၃) နေရာဖြင့်ဖွဲ့စည်းထားရာမှ လက်ရှိအင်အားအတိုင်း **"လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"** အဖြစ်အမည် ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။

(စ) **စက်မှုလယ်ယာဦးစီးဌာန၏**ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၃၄၈) နေရာ၊ အမှုထမ်းရာထူး (၁၁၉၀၀) နေရာ၊ စုစုပေါင်းရာထူး (၁၂၂၄၈) နေရာဖြင့် ဖွဲ့စည်းထားရာမှ လက်ရှိအင်အားအတိုင်း **"စက်မှုလယ်ယာဦးစီးဌာန"** အမည်ဖြင့် လက်ရှိအတိုင်း ဖွဲ့စည်းလိုက်သည်။

(ဆ) **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**၏ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၂၇၅) နေရာ၊ အမှုထမ်းရာထူး (၃၁၆၁) နေရာ၊ စုစုပေါင်းရာထူး (၃၄၃၆) နေရာဖြင့် ဖွဲ့စည်းထားရာမှ လက်ရှိအင်အားအတိုင်း **"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်"** အမည်ဖြင့် လက်ရှိအတိုင်း ဖွဲ့စည်းလိုက်သည်။

(ဇ) **စိုက်ပျိုးရေးသုတေသနဦးစီးဌာန**၏ဖွဲ့စည်းပုံကို လက်ရှိအင်အား အရာထမ်းရာထူး (၁၅၀)နေရာ၊ အမှုထမ်းရာထူး (၁၀၀၀) နေရာ၊ စုစုပေါင်းရာထူး (၁၁၅၀) နေရာဖြင့် ဖွဲ့စည်းထားရာမှ လက်ရှိအင်အားအတိုင်း **"စိုက်ပျိုးရေးသုတေသနဦးစီးဌာန"** အမည်ဖြင့် လက်ရှိအတိုင်း ဖွဲ့စည်းလိုက်သည်။

၂။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် လက်ရှိဝန်ကြီးရုံးနှင့် ဌာန (၁၀) ခု၏ ဖွဲ့စည်းပုံအင်အားမှာ အရာထမ်းရာထူး (၄၉၂၁) နေရာ၊ အမှုထမ်းရာထူး (၈၂၃၆၀) နေရာ၊ စုစုပေါင်းရာထူး (၈၇၂၈၁) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၁၈၉) နေရာ၊ အမှုထမ်းရာထူး (၉၁၃၉) နေရာ၊ စုစုပေါင်းရာထူး (၉၃၂၈) နေရာတို့ကို **လျှော့ချလျက်** အရာထမ်းရာထူး (၄၇၃၂) နေရာ၊ အမှုထမ်းရာထူး (၇၃၂၂၁) နေရာ၊ စုစုပေါင်းရာထူး (၇၇၉၅၃) နေရာဖြင့် **ဝန်ကြီးရုံး** နှင့် **ဌာန (၇) ခု** အဖြစ်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၃။ အဆိုပါ **ဝန်ကြီးရုံး** နှင့် **ဌာန (၇) ခု** အဖြစ် ဖွဲ့စည်းပုံပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကို ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ အတည်ပြုဖွဲ့စည်းသွားရန်နှင့် အပိုဒ် (၁)ပါ အတည်ပြုပြီး **ဝန်ကြီးရုံး**နှင့် **ဌာန (၇)ခု** တို့၏ အခေါ်အဝေါ် အင်အားများအတိုင်း ပြင်ဆင်ဖွဲ့စည်းသွားရန် ဖြစ်ပါသည်။

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) မှ သဘောတူခွင့်ပြုချက်အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အရာထမ်းရာထူး (၁၆) နေရာ၊ အမှုထမ်းရာထူး (၁၉) နေရာ၊ စုစုပေါင်းရာထူး (၃၅) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၅၀) နေရာ၊ အမှုထမ်းရာထူး (၁၁၅) နေရာ၊ စုစုပေါင်းရာထူး (၁၆၅) နေရာပါဝင်သည့် ဝန်ကြီးရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅) အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ တာဝန်ပေးခန့်အပ်လိုက်သည်။

အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်အပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အုန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ဆက်သွယ်ရေးနှင့်သတင်းအချက်

အလက်နည်းပညာဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဦးစီးဌာန/လုပ်ငန်း (၃) ခုအဖြစ် သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်/လျှော့ချ/တိုးချဲ့ ဖွဲ့စည်းလိုက်သည် -

| စဉ် | ရုံး/ဦးစီးဌာန/လုပ်ငန်း | အရာထမ်း ရာထူးနေရာ | အမှုထမ်း ရာထူးနေရာ | စုစုပေါင်း ရာထူးနေရာ |
|---|---|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| ၂။ | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ၁၆၃ | ၅၆၆ | ၇၂၉ |
| ၃။ | သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန | ၉၀ | ၂၁၂ | ၃၀၂ |
| ၄။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၅၀၀ | ၈၀၅၆ | ၈၅၅၆ |
| ၅။ | မြန်မာ့စာတိုက်လုပ်ငန်း | ၁၀၂ | ၅၈၁၈ | ၅၉၂၀ |
| | စုစုပေါင်း | ၉၀၅ | ၁၄၇၆၇ | ၁၅၆၇၂ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

### အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်အား ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၃/၂၀၁၅) အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

မြတ်ဟိန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာနကို အောက်ဖော်ပြပါ ဌာနများ ဖြစ်သော ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန (၄) ခုနှင့် စီးပွားရေးဌာန (၄) ခုတို့မှ ယှဉ်တွဲဖော်ပြပါ ခွင့်ပြုဝန်ထမ်း အင်အားများဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာနအမည် | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
| ၁။ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| ၂။ | လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ၅၅၂ | ၃၈၉၁ | ၄၄၄၃ |
| ၃။ | ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ၂၀၀ | ၂၅၀၀ | ၂၇၀၀ |
| ၄။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၃၄၃ | ၂၆၆၉ | ၃၀၁၂ |
| ၅။ | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | ၁၈၃ | ၁၂၄၂ | ၁၄၂၅ |
| ၆ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၃၀၄ | ၁၁၂၇၃ | ၁၁၅၇၇ |
| ၇။ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၂၇၃ | ၁၀၆၆၆ | ၁၀၉၃၉ |
| ၈။ | မြန်မာအမျိုးသားလေကြောင်း | ၃၂၇ | ၁၄၄၆ | ၁၇၇၃ |
| ၉။ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၁၂၇ | ၁၄၆၀ | ၁၅၈၇ |
| | **စုစုပေါင်း** | **၂၃၅၉** | **၃၅၂၆၂** | **၃၇၆၂၁** |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ်၊ (၃၅/၂၀၁၅) အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို လက်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၁။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန (၂) ခုပါဝင်လျက် အရာထမ်း (၈၇၂) ဦး၊ အမှုထမ်း (၉၉၃၄) ဦး၊ စုစုပေါင်း (၁၀၈၀၆) ဦးဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးရုံး

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဂ) ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ဖွဲ့စည်းပုံအား အရာထမ်း (၅၀) နေရာ၊ အမှုထမ်း (၁၁၅) နေရာ၊ စုစုပေါင်း (၁၆၅) နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား အရာထမ်း (၇၅၁) နေရာ၊ အမှုထမ်း (၉၂၆၅) နေရာ၊ စုစုပေါင်း (၁၀၀၁၆) နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ပြည်သူ့အင်အားဦးစီးဌာန၏ဖွဲ့စည်းပုံအား ယခင်အတိုင်း အရာထမ်း (၇၁) နေရာ၊ အမှုထမ်း (၅၅၄) နေရာ၊ စုစုပေါင်း (၆၂၅) နေရာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည်။

အထက်ပါအတိုင်း ဖွဲ့စည်းပုံများ တိုးချဲ့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) မှ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ခင်ရီ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၅

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

### အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်းအား စွမ်းအင်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၅ အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့နံနက်ပိုင်းမှစ၍ တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ (၆၀) နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅-၂၀၁၆)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၃/၂၀၁၅ အရ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန (ယခင် စက်မှုညွှန်ကြားရေး ဦးစီးဌာန) မှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်အား စက်မှုဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ တာဝန်ပေးခန့်အပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင်တာဝန်ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ် အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

ဦးမောင်မြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ဖွဲ့စည်းပုံအား ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနဖြင့် ဖွဲ့စည်းထားရာမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍

အရာထမ်းရာထူး (၆၇၈) နေရာ၊ အမှုထမ်းရာထူး (၄၄၃၃) နေရာ၊ စုစုပေါင်းရာထူး (၅၁၁၁) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | ဌာနအမည် | ဝန်ထမ်းအင်အား | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **စုစုပေါင်း** |
| (က) | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) | ကုန်သွယ်ရေးဦးစီးဌာန | ၂၉၈ | ၁၅၉၈ | ၁၈၉၆ |
| (ဂ) | ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန | ၃၃၀ | ၂၇၂၀ | ၃၀၅၀ |
| | **စုစုပေါင်း** | **၆၇၈** | **၄၄၃၃** | **၅၁၁၁** |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူညီချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အရာထမ်းရာထူး (၅၀) နေရာ၊ အမှုထမ်းရာထူး (၁၁၅) နေရာ၊ စုစုပေါင်းရာထူး (၁၆၅) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ
(ခ) မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
(ဂ) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
(ဃ) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
(င) ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူညီချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ **ကုန်သွယ်ရေးဦးစီးဌာန** အဖြစ် အမည်ပြောင်းလဲ၍ အရာထမ်းရာထူး (၂၉၈) နေရာ၊ အမှုထမ်းရာထူး (၁၅၉၈) နေရာ၊ စုစုပေါင်းရာထူး (၁၈၉၆) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) စီမံရေးရာဌာနခွဲ
(ခ) ငွေစာရင်းဌာနခွဲ
(ဂ) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ
(ဃ) ကုန်သွယ်မှုမူဝါဒဌာနခွဲ
(င) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
(စ) ဌာနတွင်းလုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးဌာနခွဲ
(ဆ) နယ်စခန်းများ ညှိနှိုင်းကွပ်ကဲရေးဌာနခွဲ
(ဇ) WTO နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများဌာနခွဲ
(စျ) နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးဌာနခွဲ
(ည) ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
(ဋ) သတင်းအချက်အလက် နည်းပညာဌာနခွဲ
(ဌ) ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲ
(ဍ) ကုန်သွယ်မှုပညာပေးရေးဌာနခွဲ

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူညီချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ **ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန** အဖြစ် အမည်ပြောင်းလဲ၍ အရာထမ်းရာထူး (၃၃၀) နေရာ၊ အမှုထမ်းရာထူး (၂၇၂၀) နေရာ၊ စုစုပေါင်းရာထူး (၃၀၅၀) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) စီမံရေးရာဌာနခွဲ
(ခ) ငွေစာရင်းဌာနခွဲ
(ဂ) ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ
(ဃ) မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းအင်းဌာနခွဲ
(င) ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲ
(စ) စားသုံးသူရေးရာဌာနခွဲ
(ဆ) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ
(ဇ) သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပေးရေးဌာနခွဲ
(ဈ) ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ
(ည) တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများ

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၅)

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃) ၏သဘောတူခွင့်ပြုချက်ဖြင့် အရာထမ်း (၁၆၀) နေရာ၊ အမှုထမ်း (၆၀၇) နေရာဖြင့် ဖွဲ့စည်းခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖွဲ့စည်းပုံအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ ဖျက်သိမ်းလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅ အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့် [၁၂/သဃက(နိုင်) ၀၁၃၀၀၆] အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန် /တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးတိုးအောင်မြင့်သည် ညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကိုပါ တာဝန်ခံဆောက်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၆၀ နှင့်အညီ လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို ချီးမြှင့်ငွေ အဖြစ် ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက် )

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အရာထမ်း (၁၉) ဦး၊ အမှုထမ်း (၃၅) ဦးဖြင့် ဖွဲ့စည်းခဲ့သော အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အရာထမ်း (၅၀) ဦး၊ အမှုထမ်း (၁၁၅) ဦး၊ စုစုပေါင်း (၁၆၅) ဦးဖြင့် အောက်ဖော်ပြပါဌာနများဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **ဌာန** | **ဝန်ထမ်းအင်အား** | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **ပေါင်း** |
| (က) | ဦးစီးရုံးအဖွဲ့ | ၇ | ၁၂ | ၁၉ |
| (ခ) | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ | ၇ | ၁၅ | ၂၂ |
| (ဂ) | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ၇ | ၁၄ | ၂၁ |
| (ဃ) | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | ၁၀ | ၃၂ | ၄၂ |
| (င) | ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ၁၀ | ၃၂ | ၄၂ |
| (စ) | ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ၉ | ၂၀ | ၂၉ |
| | **စုစုပေါင်း** | **၅၀** | **၁၁၅** | **၁၆၅** |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)**

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ အားကစားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအား ဝန်ကြီးရုံး၊ ဦးစီးဌာန (၁) ခုဖြင့် အရာထမ်းရာထူး (၉၃၁) ဦး၊ အမှုထမ်းရာထူး (၅၂၇၉) ဦး၊ စုစုပေါင်းရာထူး (၆၂၁၀) ဦးဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **ဌာန** | **ဝန်ထမ်းအင်အား** | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **ပေါင်း** |
| (က) | ဝန်ကြီးရုံး | ၅၀ | ၁၁၅ | ၁၆၅ |
| (ခ) | အားကစားနှင့်ကာယပညာဦးစီးဌာန | ၈၈၁ | ၅၁၆၄ | ၆၀၄၅ |
| | **စုစုပေါင်း** | **၉၃၁** | **၅၂၇၉** | **၆၂၁၀** |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၅)**

အားကစားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ စာအမှတ် ၁ (၁၄)/၁၀၀-စလ/ဝကရ အရ အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲ ဖွဲ့စည်းထားပါသဖြင့် ရုံးအဖွဲ့မှူးတာဝန်ဝတ္တရားများ ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးအား အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၃၇/၂၀၁၅ အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဟိန်းအား ၂၀၁၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှစ၍ အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် (သို့မဟုတ်) ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များ အပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို လက်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ (၆၀) နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

ဦးတင့်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၁ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ ပညာရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးအား အရာထမ်း (၁၉) နေရာ၊ အမှုထမ်း (၂၇) နေရာ၊ စုစုပေါင်းရာထူး (၄၆) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်း (၅၃) နေရာ၊ အမှုထမ်း (၁၅၂) နေရာ၊ စုစုပေါင်းရာထူး (၂၀၅) နေရာဖြင့် အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစီးလျက် **ပြည်ထောင်စုဝန်ကြီးရုံး** အဖြစ်တိုးချဲ့ပြင်ဆင်၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အောက်ဖော်ပြပါဌာနခွဲများဖြင့်ဖွဲ့စည်းလိုက်သည်-

| စဉ် | ဌာနခွဲများ | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဦးစီးရုံးအဖွဲ့ | ၈ | ၁၅ | **၂၃** |
| ၂ | နိုင်ငံခြားပညာသင်ဌာနခွဲ | ၆ | ၁၆ | **၂၂** |
| ၃ | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | ၇ | ၃၇ | **၄၄** |
| ၄ | မူဝါဒနှင့် ဥပဒေလေ့လာပြုစုရေးနှင့်လုပ်ငန်းစိစစ်ရေးဌာနခွဲ | ၉ | ၂၆ | **၃၅** |
| ၅ | စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | ၇ | ၁၇ | **၂၄** |
| ၆ | ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ၉ | ၂၁ | **၃၀** |
| ၇ | ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ၇ | ၂၀ | **၂၇** |
| | **စုစုပေါင်း** | **၅၃** | **၁၅၂** | **၂၀၅** |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

အမှတ် ၂။ ။ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသော အစိုးရအုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့် ဖွဲ့စည်းပုံများကို ခေတ်နှင့်အညီ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံခိုင်မာကောင်းမွန်ရန် ဝန်ကြီးရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်၍ ယခင်ဝန်ကြီးရုံး၊ ရုံးအဖွဲ့မှူး ဦးဝင်းမြင့်မောင်အား ဒုတိယအမြဲတမ်းအတွင်းဝန် အခေါ်အဝေါ်ဖြင့် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာဒေါ်ခင်စန်းရီ၊<br>ပြည်ထောင်စုဝန်ကြီး၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊<br>ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

